ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

နေပြည်တော်

လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ဖက်သောင်ကျေးရွာ၊ ကနကလေးကျေးရွာအုပ်စု



၂၀၁၉ခုနှစ် နေပြည်တော်

# မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာအုပ်စုမြေပုံ (ကျေးရွာတည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာသမိုင်းကြောင်း

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

- ၆.၁။ ကျေးရွာလူမှုရေးနှင့် အရင်းမြစ်ပြမြေပုံ (Sicial and Resourse Map)
- ၆.၂။ ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar)
- ၆.၃။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သက်မှတ်ခြင်း (Wealth Ranking)
- ၆.၄။ ကျား-မ ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Diagram)
- ၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)
- ၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှုဇယား (Venn Diagram)

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ အစည်းအဝေးမှတ်တမ်းများ

၁၂။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ကနကလေးကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

(၁) ကနကလေးကျေးရွာ

(၂) ဖက်သောင် ကျေးရွာ

(၃) ကဘုတ်ကျေးရွာ

(၄) အလယ်ရွာ ကျေးရွာ

(၅) လေ့လမ်း ကျေးရွာ

(၆) ငါးရှဥ့်အိုင်ကျေးရွာ

(၇) မြောက်စုကျေးရွာ

(၈) အုန်းပင်စုကျေးရွာ


ကနကလေးကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာပေါင်း (၈) ရွာရှိပါသည်။

# မြို့နယ်မြေပုံ



ဓနုဖြူမြို့နယ်
N
W
E
S
ဓနုဖြူမြို့နယ်
ဧရာဝတီတိုင်းဒေသကြီး
စကေး ၁.လက်မ = ၁.မိုင်
ညွှန်ပြချက်
၁။တိုင်းနယ်နမိတ်
၂။ခရိုင်နယ်နမိတ်
၃။မြို့နယ်နယ်နမိတ်
၄။ကျေးရွာအုပ်စုနယ်နမိတ်
၅။မြစ်ချောင်း/တူးမြောင်း
၆။ကားလမ်း
၇။ရထားလမ်း

# ကျေးရွာအုပ်စုမြေပုံတည်နေရာ



၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | လူဦးရေ စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ဆမြောက်စု | ၆၁ | ၁၃၀ | ၁၄၄ | ၂၇၄ | |
| ၂။ | မှာလယ် | ၉၀ | ၁၆၇ | ၁၆၃ | ၃၃၀ | |
| ၃။ | ဖက်ယောဇ | ၁၀၇ | ၂၂၃ | ၂၆၆ | ၄၈၉ | |
| ၄။ | ငါးရှဉ့်ဖို့ဇ | ၂၁ | ၃၇ | ၄၅ | ၈၂ | |
| ၅။ | မှုန်းပဇ္ဈ | ၉၀ | ၁၆၈ | ၁၉၃ | ၃၆၁ | |
| ၆။ | ကဘုတ် | ၁၃၃ | ၂၁၂ | ၂၄၈ | ၄၆၀ | |
| ၇။ | ကနကလေး | ၈၅ | ၁၅၄ | ၁၅၄ | ၃၀၈ | |
| ၈။ | ဝလှလမ်း | ၆၅ | ၁၂၆ | ၁၅၇ | ၂၈၃ | |
| ၉။ | | | | | | |
| ၁၀။ | | | | | | |
| ၁၁။ | | | | | | |
| ၁၂။ | | | | | | |
| ၁၃။ | | | | | | |
| ၁၄။ | | | | | | |
| ၁၅။ | | | | | | |
| ၁၆။ | | | | | | |

# ကျေးရွာသမိုင်းကြောင်း

ဖက်သောင်ကျေးရွာနေရာသည် ဟိုးအရင်က ပင်လယ်ပြင်ကြီးသာရှိခဲ့သည်။ ၁၈၃၀ ခုနှစ်မှစတင်၍နေထိုင်လာကြသည်။မူလကအင်္ဂလိပ်တပ်များမဝင်ရောက်မီရေကာတာကြီးမတည်ဆောက်ခင်ယခုဖက်သောင်ကျေးရွာနေရာတွင်ကုန်းမို့မို့ကြီးဖြစ်ပေါ်နေသည်။ ထိုကုန်းမို့မို့ပေါ်တွင်ဖက်ကျားပင်များပေါက်ရောက်ပြီးသောင်ထွန်းလာသည်။ထိုသောင်ပေါ်တွင်ရွာတည်ခဲ့ကြပြီးဖက်သောင်ကျေးရွာဟုအမည်ပေးခဲ့ကြသည်။ရွာတည်စကအိမ်ခြေအနည်းငယ်သာရှိပြီးခြံများနှင့်စားကျက်မြေများပေါများသည်။ရွာ၏အရှေ့ပိုင်းတွင်ရှေးဟောင်းဘုန်းကြီးကျောင်းနှင့်သိမ်ရှိသည်။မူလတန်းကျောင်းရှိသည်။ ရွာ၏အနောက်ပိုင်းတွင်ရှေ့ဟောင်းဘုန်းကြီးကျောင်းရှိသည်။ နောက်ပိုင်းတွင်ဘုန်းကြီးကျောင်းမှာပျက်ဆီးလာသည်။ထို့ကြောင့်ကျောင်းကိုဖျက်ပြီးကျောင်းနေရာတွင်ဓမ္မာရုံဆောက်လုပ်ခဲ့ကြသည်။၁၉၇၅ခုနှစ်တွင်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့်အိုးအိမ်များပျက်ဆီးဆုံးရှုံးခဲ့ကြရပသည်။ ကျွဲ၊ နွားစသောတိရစ္ဆာန်များ သေကြေပျက်ဆီးခဲ့ကြရသည် ။ ၁၉၇၅ခုနှစ်တွင်ဒုတိယအကြိမ်မုန်တိုင်းဒဏ်ကြောင့် အိမ်ခြေအနည်းငယ်ပျက်ဆီးခဲ့ကြရသည်။ ယခုအခါအိမ်ခြေ(၁၁၃)အိမ်ထောင်စုဖြစ်နေပြီးပျော်ရွှင်ဖွယ်ကောင်းသောရွာလေး တစ်ရွာဖြစ်နေပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား(၄)ဦး ၊ မ(၃)ဦး**


## ဖက်သောင်ကျေးရွာ၏ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်းကြောင်း<br>(Village History) | ၁<br>၇<br>၇<br>၂<br>၀<br>၁<br>၉ | ကျေးရွာအကြောင်းကိုသိသောရပ်မိရပ်ဖ (အမျိုးသား၊သမီး)များ ကျေးရွာအုပ်ချုပ်ရေးမှူး | ၄ | ၃ | ၇ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများကိုရွာသူရွာသားများနှင့်အတူဆွေးနွေး၍အများသဘောတူဆုံးဖြတ်သတ်မှတ်ခြင်း။ |
| ၂ | ကျေးရွာလူမှုရေး၊ စီးပွားရေး အရင်းမြစ်ပြမြေပုံ<br>(Social and Resource Map) | ၁<br>၇<br>၇<br>၂<br>၀<br>၁<br>၉ | ကျေးရွာသူ/သားများနှင့် မြေပုံရေးဆွဲတက်သူ ကော်မတီဝင်အချို့နှင့် ကျေးရွာကြောင်းကိုနံ့နံ့စပ်စပ်သိသောလူငယ်လေးများ | ၁၀ | ၇ | ၁၇ | ကျေးရွာစီးပွားရေးအရင်းအမြစ်များ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ သောက်သုံးရေ ရရှိမှု၊ ပညာရေး၊ကျန်းမာရေးလိုအပ်ချက်၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုများကိုဆွေးနွေးခြင်း။ |
| ၃ | ရာသီခွင်ပြက္ခဒိန်<br>(Seasonal Calendar) | ၁<br>၇<br>၇<br>၂<br>၀<br>၁<br>၉ | ကော်မတီဝင်များ(ကျား၊မ)တောင်သူလယ်သမား၊ လက်လုပ်လက်စား၊ ဈေးသည်များနှင့်လယ်လုပ်သားများ (အမျိုးသား၊အမျိုးသမီး) | ၈ | ၁၀ | ၁၈ | ကျေးရွာတွင် ရာသီအလိုက်လုပ်ကိုင်ဆောင်ရွက်နေသောအလုပ်အကိုင်များ၊ ဝင်ငွေရရှိမှုများ၊ နှင့် ပွဲတော်ရက်များအကြောင်းဆွေးနွေးခြင်း |
| ၄ | ချမ်းသာကြွယ်ဝမှု အဆင့်ခွဲခြင်းဥပမာပြဇယား<br>(Wealth Ranking) | ၁<br>၇<br>၇<br>၂<br>၀<br>၁<br>၉ | ကျေးရွာသူ/သားများနှင့် အုပ်ချုပ်ရေးမှူး၊ ကော်မတီဝင်များ | ၁၃ | ၁၀ | ၂၃ | ကျေးရွာအတွင်းရှိဥစ္စာနေပိုင်ဆိုင်မှုအား အဆင့်ခွဲခြင်း။ |
| ၅ | အမျိုးသား၊ အမျိုးသမီးအခြေအနေသုံးသပ်ချက်ပြမြေပုံ<br>(Spider Web) | ၁<br>၇<br>၇<br>၂<br>၀<br>၁<br>၉ | ကျေးရွာသူ/သားများ | ၇ | ၁၀ | ၁၇ | ကျေးရွာအတွင်းရှိ အမျိုးသား၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်အပိုင်း၊ ပညာရေး၊ အလုပ်အကိုင်၊ ခေါင်းဆောင်မှု၊ ရပ်ရေးရွာရေးပူးပေါင်းပါဝင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများအား အမျိုးသား၊အမျိုးသမီး နှိုင်းယှဉ်ဆွေးနွေးခြင်း။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ပိုင်ဆိုင်မှုအရင်းအမြစ်<br>(Acess to control over) | ၁<br>၇<br>၇<br>၂<br>၀<br>၁<br>၉ | ကျေးရွာသူ/သားများ | ၉ | ၉ | ၁၈ | အမျိုးသားနှင့်အမျိုးသမီးများ ပိုင်ဆိုင်မှုအရင်းအမြစ်များ |
| ၇ | အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ<br>(Venn Diagram) | ၁<br>၇<br>၇<br>၂<br>၀<br>၁<br>၉ | ကျေးရွာအတွင်းရှိအဖွဲ့ စည်းများ၊ ကျေးရွာသူ၊ကျေးရွာ သားများ | ၅ | ၁၀ | ၁၅ | ကျေးရွာအတွင်းရှိ လက်ရှိဖွဲ့စည်းထားသောအဖွဲ့ အစည်းများနှင့် ချိတ်ဆက်ပြီးလုပ်ဆောင်နေပုံအား ဆွေးနွေးခြင်း။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | ကျေးရွာ၏ (၅) နှစ်စာ<br>ဦးစားပေး ဖွံ့ဖြိုးရေးအစီအစဉ်<br>(Metric Ranking) | ၁<br>၇<br>၇<br>၂<br>၀<br>၁<br>၉ | ကျေးရွာသူ/သားများ၊ ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ။ | ၂၇ | ၄၂ | ၆၉ | ကျေးရွာအတွက်လိုအပ်သော အဆောက်အဦးပိုင်းဆိုင်ရာနှင့် စီးပွားရေး၊လူမှုရေးနှင့်ကျန်းမာရေး အတွက် လုပ်ဆောင်ချင်သော လုပ်ငန်းများ၊ လုပ်ဆောင်မည့်သူများအား ကြိုတင်ဆွေးနွေးခြင်း။ |
| ၉ | ကျေးရွာအုပ်စု၏ ဖွံ့ဖြိုးရေး<br>အစီအစဉ်ပြဇယား<br>(VTDP) | ၁<br>၉<br>၉<br>၂<br>၀<br>၁<br>၉ | ကျေးရွာအုပ်စု ကော်မတီဝင်များ၊ | ၂၁ | ၁၉ | ၄၀ | ကျေးရွာအုပ်စုအတွက် ပိုမို၍အရေးကြီးသော လုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ်ကာ အရင်ဆုံးပြုလုပ်ရန် ဆွေးနွေးခြင်း။ |

၁။ ဓနုဖြူမြို့နယ်၊ ကနကလေးအုပ်စု၊ ဖက်သောင်ကျေးရွာ၊ လူမှုရေးအရင်းအမြစ်ပြမြေပုံ



**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်**

ဖက်သောင်ကျေးရွာသည် ဓနုဖြူ - ဇလွန် အဝေးပြေးလမ်းမကြီးရဲ့ဘေး တွင်တည်ရှိသည်။ အိမ်ခြေပေါင်း (၁၀၇)အိမ်ရှိကာ ဗမာလူမျိုးများနှင့်ကရင်လူမျိုးအနည်းငယ်နေထိုင်ကြသည်။ အများအားဖြင့် ဗုဒ္ဓဘာသာကိုကိုးကွယ်ကြပါသည်။

**စီးပွားရေး**

ဖက်သောင်ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကိုသာအဓိက လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးတွင်ဆန်စပါးနှင့်မတ်ပဲကို အဓိကစိုက်ပျိုးသည်။ ဝါးခြံလုပ်ငန်း၊ ကွမ်းခြံလုပ်ငန်း၊ ဈေးရောင်းလုပ်ငန်း၊ တံငါရေလုပ်ငန်း၊ တောင်ပလုံးရက်လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းစသောလုပ်ငန်းများကိုလည်း အနည်းငယ်လုပ်ကိုင်ကြသည်။ ရွာတွင်အလုပ်အကိုင်ရှားပါးသောကြောင့် ရန်ကုန်သို့သွားရောက်လုပ်ကိုင်သူများလည်းရှိသည်။ စင်ကာပူနှင့်ထိုင်းနိုင်ငံများသို့သွားရောက်လုပ်ကိုင်သူများလည်းရှိသည်။

ကျန်းမာရေး

ဖက်သောင်ကျေးရွာတွင်ကျန်းမာရေးနှင့်ဆေးပေးခန်းမရှိသောကြောင့် အုပ်စုကျန်းမာရေးဌာနခွဲ သို့သွားရောက်ကုသကြရသဖြင့်ခက်ခဲလှသည်။ ကျေးရွာရှိကလေးသူငယ်များနှင့်သက်ကြီးရွယ်အို များတွင် ရာသီအကူးအပြောင်းကာလတွင် ရာသီတုပ်ကွေးများအဖြစ်များသည်။

သောက်သုံးရေရရှိမှု

ကိုယ်ပိုင်ရေတုံကင်များနှင့်ရေတွင်းများရှိသဖြင့် သုံးရေအတွက် အဆင်ပြေသော်လည်း ရေမှာတွင်းတိမ်များဖြစ်သဖြင့်မကြည်လင်ပေ။နှစ်ညအိပ်မျှထားကာသောက်ကြရသည်။ ရေတုံကင်မရှိသောသူများသည်အခြားအိမ်များမှ သွားရောက်၍ခပ်ကာ အသုံးပြုကြရသည်။

ပညာရေး

ဖက်သောင်ကျေးရွာတွင် မူလတန်းကျောင်းရှိသဖြင့် ရွာရှိမူလတန်းကလေးများအတွက် အဆင်ပြေပါသည်။ အလယ်တန်းနှင့်အထက်တန်းကျောင်းသားများသည် ရွာနှင့်(၁)မိုင်ခန့်ဝေးသော ဇလွန်မြို့နယ်၊မေရီလန်းအထက်တန်းကျောင်းသို့သွားရောက်ကာ ပညာသင်ကြားကြရသည်။

လမ်းပန်းဆက်သွယ်ရေး


ဖက်သောင်ကျေးရွာတွင်ရွာမှပူးပေါင်းပါဝင်မှုဖြင့်ခင်းထားသော ကွန်ကရစ်(အကျယ်၆´) လမ်းသာရှိသည်။မြေသားလမ်းများလည်းရှိသည်။မြေသားလမ်းမှာမိုးတွင်းအခါတွင်သွားလာရအဆင်မပြေပါ။

အနှစ်ချုပ်

ဖက်သောင်ကျေးရွာသည် အိမ်ထောင်စုအသင့်အတင့်နှင့်လူဦးရေအသင့်အတင့်ရှိသည်။ ကျေးရွာတွင် အရင်းအမြစ်နည်းပါးသောကြောင့် လူငယ်အများစုသည် အခြားမြို့ကြီးများနှင့်နိုင်ငံများသို့သွားရောက်လုပ်ကိုင်ကြရသည်။ အမျိုးသမီးများမှာလည်း နေ့စဉ်ပုံမှန်ဝင်ငွေမရှိသဖြင့် စားဝတ်နေရေးအခက်အခဲဖြစ်ကြရသည်။ လယ်သမားများမှာလည်း ရင်းနှီးမြှုပ်နှံမှုများပြီး အမြတ်ငွေနည်းပါသည်။

ပါဝင်ဆွေးနွေးသူ ကျား-၁၀ဦး၊ မ-၇ဦး

၂။ ခနုဖြူ မြို့နယ်၊ ကနကလေးအုပ်စု၊ ဖက်သောင်ကျေးရွာ၊ ရာသီခွင်ပြ ပြက္ခဒိန်



**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

ဖက်သောင်ကျေးရွာသည် တန်ခူးလနှင့်ကဆုန်လတွင် ဘူး၊သခွား၊ခရမ်း၊ခဝဲစသော အသီးအနှံများကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြသည်။ နယုန်လတွင် ကွမ်းစတင်စိုက်ပြီး တော်သလင်းနှင့်သီတင်းကျွတ်လများတွင် ကွမ်းခူးကြသည်။စပါးကိုကဆုန်လနှင့်နယုန်လတွင်ပျိုးစကြဲပြီးဝါဆိုလနှင့်ဝါခေါင်လတွင်ပျိုးနုတ်ခြင်းကောက်စိုက်ခြင်းပြုလုပ်ကြသည်။ ထို့နောက်တော်သလင်းလတွင် ပေါင်းကောက်ခြင်းဆေးဖျန်းခြင်းမြေသြဇာကျွေးခြင်းများပြုလုပ်ကြသည်။ သီတင်းကျွတ်လအကုန် တန်ဆောင်မုန်းလတွင်စပါးရိတ်သိမ်းကြသည်။ နတ်တော်လတွင်ရိတ်ထားသောစပါးနယ်ခြင်း၊ ခြွေလှေ့ခြင်းများပြုလုပ်ကြသည်။ ပြာသိုလတွင်ပဲကြဲကြသည်။ တပို့တွဲလတွင်ပဲခင်းအားမြေသြဇာကျွေးခြင်း၊ပေါင်းသင်ခြင်းများ ပြုလုပ်ကြသည်။ တပေါင်းလတွင် ပဲနုတ်ခြင်းပြုလုပ်ကြသည်။ မိုးဦးစကာလအချိန်ဖြစ်သော နယုန်၊ဝါဆို၊ဝါခေါင်လများတွင် ရာသီတုပ်ကွေးများနှင့်သွေးလွန်တုပ်ကွေးများဖြစ်တက်ကြသည်။

တပေါင်းလနှင့် တန်ခူးလသည် ပူပြင်းခြောက်သွေ့သောလများဖြစ်သည်။ ကဆုန်နှင့် နယုန်လများသည် နေပူလိုက်မိုးရွာလိုက်နှင့်ဖြစ်နေတက်သည်။ ဝါဆို၊ဝါခေါင်၊တော်သလင်းလများတွင် မိုးသည်းထန်စွာရွာသွန်းသည်။ သီတင်းကျွတ်လတွင် မိုးအနည်းငယ်သာရွာတော့သည်။ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲလများတွင် နှင်းကျပြီးချမ်းအေးသည်။


ရွာတွင်းရှိမြေသားလမ်းများသည် မိုးတွင်းအခါ၌ ရွံ့ဗွက်များဖြစ်ပြီး သွားလာရမလွယ်ကူပါ။ တန်ခူးလတွင်သင်္ကြန်ပွဲနှင့်သက်ကြီးပူဇော်ပွဲများပြုလုပ်ကြသည်။ တန်ဆောင်မုန်းလတွင်သီးဦးနှံဦး ပွဲတော်နှင့်နတ်တော်လတွင် ခရစ်စမတ်ပွဲတော်ကိုကျင်းပကြသည်။ ပြာသိုလတွင်လည်းကရင် နှစ်သစ်ကူးပွဲတော်ကိုကျင်းပကြသည်။တန်ဆောင်မုန်းလ၊နတ်တော်၊ပြာသို၊တပို့တွဲ၊တပေါင်းလများ သည် ဝင်ငွေကောင်းသော လများဖြစ်သည်။ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလများတွင် အနည်းငယ် အားလပ်ကြသည်။

## အနှစ်ချုပ်

ကျေးရွာလူထုအနေဖြင့် လုပ်ငန်းအားလပ်သောအချိန်များတွင် စီမံကိန်းလုပ်ငန်းတွင် ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းခွဲများ အစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း လုပ်ငန်းများတွင် ပါဝင်စေခြင်းဖြင့် စွမ်းဆောင်ရည်များမြင့်မားလာပြီးအပိုဝင်ငွေများလည်းရရှိလာ နိုင်ကြောင်းသဘောတူဆွေးနွေးခဲ့ကြသည်။

ပါဝင်ဆွေးနွေးသူ ကျား (၈)ဦး၊ မ (၁၀)ဦး

၃။နေပြည်တော်မြို့နယ်၊ ကနကလေးအုပ်စု၊ ဖက်သောင်ကျေးရွာ၊ ဥစ္စာနေကြွယ်ဝမှုပြဇယား


ကနကလေးအုပ်စု
ဖက်သောင်ကျေးရွာ
ဥစ္စာနေကြွယ်ဝမှုပြဇယား
၁၇.၇.၁၉

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း % |
|---|---|---|---|
| ချမ်းသာသော အုပ်စု | ဝိုက်အိမ်၊ လယ်(၁၀)ဧက၊ ကွန်ဒေါ်ဖ:(၁)စီး ထွန်စက်၊ မြေလှေစက်၊ ရေစုပ်စက်၊ ဆိုင်ကယ်(၁)စီး | ၁၀ | ၉% |
| အလယ်အလတ် အုပ်စု | သစ်အိမ်၊ လယ်(၅)ဧက၊ ဆိုင်ကယ်(၁)စီး ထွန်စက်၊ စက်ဘီး(၁)စီး၊ ကျွဲနွား | ၁၅ | ၁၄% |
| နွမ်းပါးသော အုပ်စု | ဝါးအိမ်၊ စက်ဘီး(၁)စီး၊ မြေ | ၇၀ | ၆၆% |
| အလွန်အလွန်နွမ်းပါးသော အုပ်စု | မြေမရှိ၊ ဝါးတဲ | ၁၂ | ၁၁% |
| | စုစုပေါင်း | ၁၀၇ | ၁၀၀% |

**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

ဖက်သောင်ကျေးရွာသည် အိမ်ခြေ(၁၀၇) အိမ်ရှိသည့်အနက် နွမ်းပါးသောအိမ်ထောင်စု သည် (၇၀)အိမ်ထောင်စုရှိသည်။ ရာခိုင်နှုန်းအားဖြင့် (၆၆) ရာခိုင်နှုန်းခန့်ရှိသည်။ အလွန့် အလွန်နွမ်းပါးသော အိမ်ထောင်စု(၁၂)အိမ်ရှိပါသည်။ အများအားဖြင့် ဝါးအိမ်နှင့် နေထိုင်ကြသည်။ လက်လုပ်လက်စား ကျဘမ်း လုပ်သားများဖြစ်ကြသည်။ ကလေးငယ်များ၊ ကျောင်းသားများ၊ သက်ကြီးရွယ်အိုများစသောမှီခိုသူ များသောကြောင့် ဝင်ငွေနှင့်ထွက်ငွေ မမျှတဘဲအကြွေးသံသရာလည်နေတက်သည်။ ကိုယ်ပိုင် လယ်မရှိ၊ခြံမရှိသောကြောင့် အလုပ်အကိုင်ရှားပါးသဖြင့်ဝင်ငွေနည်းပါးသည်။ ထို့ကြောင့် စားဝတ် နေရေးခက်ခဲလှသည်။ စီးပွားရေးမှာကျပ်တည်းလွန်းသဖြင့် သားသမီးများအား ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ကြားခွင့် မရပေ။ မူလတန်း၊ အလယ်တန်း အထိ သာသင်ကြားခွင့်ရသည်။


နွမ်းပါးသောအိမ်ထောင်စုများအနေဖြင့် လူထုဗဟိုပြုစီမံကိန်းတွင် ပူးပေါင်းပါဝင်နိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းခွဲများတွင်အစီအစဉ်ရေးဆွဲခြင်း လုပ်ငန်းများတွင်ပါဝင်ခြင်း၊လုပ်ငန်းများ အကောင်အထည်ဖော်ချိန်တွင် ဝင်ရောက်လုပ်ကိုင် လုပ်ကိုင်ခြင်းဖြင့်ဝင်ငွေများရရှိကာ နွမ်းပါးသူများအားလျော့နိုင်မည်ဖြစ်ကြောင်းပါဝင်ဆွေးနွေးပြီး သုံးသပ်ခဲ့သည်။

အနှစ်ချုပ်

လူထုဗဟိုပြု စီမံကိန်းတွင် ကျေးရွာလူထုအားလုံးတန်းတူပူးပေါင်းပါဝင်စေနိုင်ပြီး တူညီသောလုပ်အား အတွက်တူညီသောလုပ်အားခများရရှိနိုင်သောကြောင့်နွမ်းပါးသူများသည်လည်းပူးပေါင်းပါဝင်နိုင်ကြောင်းသဘောတူဆွေးနွေးထားခဲ့ကြသည်။

ပါဝင်ဆွေးနွေးသူ ကျား (၁၃)ဦး၊ မ (၁၀)ဦး

၄။နေပြည် မြို့နယ်၊ ကနကလေးအုပ်စု၊ဖက်သောင်ကျေးရွာ ပင့်ကူအိမ်သုံးသပ်ချက်



**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်**

ဖက်သောင်ကျေးရွာတွင် အမျိုး းသားနှင့်အမျိုးသမီးများကိုနှိုင်းယှဉ်ကြည့်ရာတွင် မတူညီသော လုပ်ပိုင်ခွင့်များကိုတွေ့ရှိရသည်။၎င်းတို့မှာအောက်ပါအတိုင်းဖြစ်သည်။

**ဝင်ငွေရှိနိုင်မှု**

အမျိုးသမီးများသည် အိမ်မှုကိစ္စဆောင်ရွက်မှုတွင် အရမ်းများနေပြီးပြင်ပတွင်ထွက်၍ အလုပ်မလုပ်နိုင်သောကြောင့် ဝင်ငွေရရှိမှုမှာနည်းပါးရခြင်းဖြစ်သည်။ ထို့ပြင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ လုပ်အားခမှာလည်းအမျိုးသားနှင့်တန်းတူမရရှိခြင်းသည်လည်း ဝင်ငွေလျော့နည်းစေသည့်အကြောင်းရင်းဖြစ်သည်။

အဖွဲ့အစည်းများတွင်ပါဝင်ခြင်း

အမျိုးသမီးများသည်အဖွဲ့အစည်းများတွင်ပါဝင်ခွင့်၊ ဆွေးနွေးခွင့်၊ ရွေးချယ်ခွင့်၊ ဦးဆောင်ခွင့် မရရှိသောကြောင့်စကားပြောဆိုရာတွင် ကြောက်ရွံ့စိတ်ရှိခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုအားနည်းခြင်း၊ များဖြစ်လာစေသည်။ ထို့ကြောင့်အမျိုးသားများသာဦးဆောင်သူ၊ဆုံးဖြတ်ချက်ချနိုင်သူများဖြစ်သည် ဟုရှေးရိုးအစဉ်အလာတစ်ခုအဖြစ်အမျိုးသမီးများစိတ်ထဲတွင်ထင်မှတ်ခဲ့ကြပါသည်။

**အိမ်မှုကိစ္စဆောင်ရွက်မှု**


အမျိုးသားများသည်အိမ်မိုးအိမ်ပြင်၊ထင်းခွေခြင်းနှင့်ရေခပ်ခြင်းများသာအိမ်မှုကိစ္စဆောင်ရွက် မှုတွင်လုပ်ကိုင်ပြီးပြင်ပတွင်ထွက်၍ အလုပ်လုပ်ကိုင်နိုင်သောကြောင့် ဝင်ငွေရရှိမှုများခြင်းဖြစ်သည်။ အဖွဲ့အစည်းများတွင် ပါဝင်ခွင့်၊ဆုံးဖြတ်ချက်ချပိုင်ခွင့်တွင်အများဆုံးဖြစ်သည်။ လုပ်အားခမှာလည်း အမျိုးသား(၅၀၀၀)အမျိုးသမီး(၃၀၀၀)တန်းတူရရှိခြင်းမရှိပါ။ ကျေးရွာတွင်စီမံကိန်းများအကောင် အထည်ဖော်ချိန်၌ အမျိုးသမီးများနှင့်အမျိုးသားများနှင့်တူညီသောအလုပ်အတွက် တူညီသော လုပ်အားခရရှိမည်ဖြစ်သောကြောင့် အတူပူးပေါင်းဆောင်ရွက်ရန်နှင့် ကော်မတီများတွင်လည်း အမျိုးသမီးများကို ထည့်သွင်းဖွဲ့စည်းမည်ဖြစ်သောကြောင့် အမျိုးသမီးများပူးပေါင်းပါဝင်နိုင်ရန် အမျိုးသားများမှဖေးမကူညီဆောင်ရွက်ရန်ဆွေးနွေးခဲ့ကြသည်။

**အနှစ်ချုပ်**

အမျိုးသားများအနေဖြင့်စီမံကိန်းကို အစီအစဉ်ရေးဆွဲခြင်းနှင့်စီမံကိန်းလုပ်ငန်းခွဲများ အကောင် အထည်ဖော်ခြင်းကိစ္စများတွင်အမျိုးသမီးများ၏အကြံပြုချက်ဆွေးနွေးချက်များကို လက်ခံထည့်သွင်း စဉ်းစားကာအမျိုးသမီးများ၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ ကျား(၇) ဦး၊ မ (၁၀)ဦး

၅။ ခနဖြူ မြို့နယ်၊ ကနကလေးအုပ်စု၊ဖက်သောင်ကျေးရွာ အရင်းအမြစ်ထိန်းချုပ်မှုပုံစံ



**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

ဖက်သောင်ကျေးရွာတွင် အမျိုးသားများသုံးစွဲသောအရင်းအမြစ်များမှာ ဆောက်လုပ်ရေး ပစ္စည်းများဖြစ်သည်။ အမျိုးသမီးများသုံးစွဲသော အရင်းအမြစ်များမှာ အပ်ချုပ်စက်၊ကောက်စိုက်တို့ဖြစ်သည်။ အမျိုးသား၊အမျိုးသမီး သုံးစွဲသောအရင်းအမြစ်များမှာ ဝါးတော၊ ဘုရားကျောင်း၊ လယ်၊ စာသင်ကျောင်း၊ ခြံလုပ်ငန်း၊ လမ်း၊ ဆိုင်ကယ်၊ စက်ဘီး၊ ဂွန်ဒေါင်း၊ အင်း၊ ဘောလုံးကွင်း၊ လှေ၊ မွေးမြူရေး လုပ်ငန်းများဖြစ်သည်။ အမျိုးသားထိန်းချုပ်သောလုပ်ငန်းများမှာ ဆောက်လုပ်ရေး၊ အပ်ချုပ်စက်၊ ဈေးဆိုင်၊ ဝါးတော၊ ဘုရားကျောင်း၊လယ်၊ စာသင်ကျောင်း၊ ခြံလုပ်ငန်း၊ ဆိုင်ကယ်၊ စက်ဘီး၊ ဂွန်ဒေါင်း၊ အိမ်သာ၊ ဘောလုံးကွင်းနှင့်လှေတို့ဖြစ်ကြပါသည်။


အမျိုးသားနှင့်အမျိုးသမီးများသည် အရင်းအမြစ်များကို အတူတကွသုံးစွဲခြင်း၊ ထိန်းချုပ်ခြင်းများ ဆောင်ရွက်ခြင်းဖြင့် အရင်းအမြစ်များကိုအတူတကွပိုင်ဆိုင်နိုင်ကြောင်းဆွေးနွေးထားကြသည်။

အနှစ်ချုပ်

ကနကလေးကျေးရွာရှိ အမျိုးသားအမျိုးသမီးများသည် ကျေးရွာရှိအရင်းအမြစ်များကို အတူတကွသုံးစွဲခြင်း၊ထိန်းချုပ်ခြင်းများကိုပြုလုပ်နိုင်ပြီးအရင်းအမြစ်များအား အတူတကွပိုင်ဆိုင်နိုင်ကြောင်း ဆွေးနွေးထားကြပါသည်။

ပါဝင်ဆွေးနွေးသူ ကျား (၉) ဦး ၊ မ (၉)ဦး

၆။ ခနဲဖြူ မြို့နယ်၊ ကနကလေးအုပ်စု၊ဖက်သောင်ကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား




**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

ဖက်သောင်ကျေးရွာသည်ကျေးရွာတွင်းရှိလူမှုရေး၊ ဖွံ့ဖြိုးရေးကိစ္စများကို အောက်ဖော်ပြပါ အဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိရာအိမ်မှူးများ၊ ရပ်မိဖရပ် များသည်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်ချိတ်ဆက်ပြီး ကျေးရွာဖွံ့ဖြိုးရေးကိစ္စများကို ဆောင်ရွက် လျက်ရှိ သည်။ အုပ်ချုပ်ရေးမှူးသည်မြို့နယ်ထွေအုပ်နှင့်ချိတ်ဆက်ပြီး ကျေးရွာဖွံ့ဖြိုးရေးကိစ္စများကို ဆောင်ရွက်သည်။ကျေးရွာတွင်ဝတ်အသင်းလည်းရှိပါသည်။ထိုအဖွဲ့သည်ကျေးရွာ၏ ဘာသာ ရေးကိစ္စများကိုဦးဆောင်၍လုပ်ဆောင်ကြသည်။ဥပုဉ်နေ့တိုင်းဝတ်ရွတ်ခြင်းကိစ္စများကိုဆောင်ရွက်⌊⌋ ကသည်။ကျေးရွာရှိကျောင်းကော်မတီသည် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ကာ ကျောင် းသားများ၏ ပညာရေးနှင့်အထွေထွေကိစ္စများကိုဆောင်ရွက်သည်။လူထုဗဟိုပြုစီမံကိန်းသည် မြို့ နယ်ကျေးလက်ရုံးနှင့်ချိတ်ဆကကာကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုလုပ်ဆောင်ပါသည်။

**အနှစ်ချုပ်**

ဖက်သောင်ကျေးရွာသည် စိုက်ပျိုးရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ ဘာသာသာသနာရေး ကိစ္စများကို မြို့နယ်ရှိသက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်လျက် ရှိကြောင်း တွေ့ရပါသည်။

ပါဝင်ဆွေးနွေးသူ ကျား (၉)ဦး၊ မ (၁၂)ဦး



စီမံကိန်းအကြောင်းရှင်းလင်းခြင်း



PRA Tools ပုံများရေးဆွဲခြင်း

၈။ ကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား | မ | ရာထူး/တာဝန် |
|---|---|---|---|---|
| ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ | | | | |
| ၁။ | ဦး ပုတာဖိ | ကျား | | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်ကြူကြူဖော | | မ | ဥက္ကဋ္ဌ |
| ဝယ်ယူရေးဆပ်ကော်မတီ | | | | |
| ၁။ | ဦး ဖော်ဖိဖော်ဖိ | ကျား | | ခေါင်းဆောင် |
| ၂။ | ဦး နေလဖိဝဝက | ကျား | | မှတ်တမ်းထိန်း |
| ၃။ | ဒေါ်ပဝဖူး | | မ | အဖွဲ့ဝင် |
| ကျေးရွာငွေစရင်းကိုင် | | | | |
| ၁။ | ဦး ဖြိုးယု | ကျား | | တာဝန်ခံ |
| စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | | | | |
| ၁။ | ဒေါ်ဂျဖိဖော့ | | မ | ခေါင်းဆောင် |
| ၂။ | ဦး ဖိုးဝေ | ကျား | | အဖွဲ့ဝင် |
| ၃။ | ဒေါ်တာဖိယု | | မ | အဖွဲ့ဝင် |
| လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | | | | |
| ၁။ | ဒေါ်ဖို မြဖိုးယု | | မ | ခေါင်းဆောင် |
| ၂။ | ဦး ဖော့မဲဖိုးလတ် | ကျား | | အဖွဲ့ဝင် |
| ၃။ | ဒေါ်ကြည်ကြည်ဖိန် | | မ | အဖွဲ့ဝင် |
| ဝေဖန်အကြံပြုတိုင်ကြားရေးတာဝန်ခံ | | | | |
| ၁။ | ဦး ဖိုးပဖိ | ကျား | | တာဝန်ခံ |
| ၂။ | ဒေါ်ဖန်းဖန်းဖြိုး | | မ | တာဝန်ခံ |
| ကျေးရွာစေတနာ့ဝန်ထမ်း | | | | |
| ၁။ | ဦး ဖြဖိ လွဖိ | ကျား | | အကူ |
| ၂။ | ဒေါ်ယဖိန်းဝဖိ | | မ | အကူ |
| ၃။ | | | | အကူ |
| ၄။ | | | | အကူ |

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည်<br>ဦး ဇလပ်ခိုင် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဒေါ်ရမြတ်မွန် |
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ဓနုဖြူ | ကျေးရွာအုပ်စု က၃က၆လ | ကျေးရွာ ဖက်ဘောင် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၁၅ | ဘာသာ (၁) ~~ဗုဒ္ဓ~~------- | ၁၅ |
| လူမျိုးစု (၂) ဗမာ | ၆၂ | ဘာသာ (၂) ဗုဒ္ဓ------- | ၆၂ |
| လူမျိုးစု (၃) -------- | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော -------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | (၆)ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | (၂၅)ဦး | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)~~ကရင်~~-ဗုဒ္ဓ | (၃၇)ဦး | (၄၀)ဦး |
| လူမျိုးစု (၂)~~ကရင်ဗမာ~~-ဗုဒ္ဓ | (၁၆၂)ဦး | (၂၁၃)ဦး |
| လူမျိုးစု (၃)----------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ([illegible])ဦး | (၁၇)ဦး |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☐ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| အလယ်တန်းကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| လယ်လွှန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အထက်တန်းကျောင်း | ☐ | | | အခြား | ☐ |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာ သူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှ လာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | (ကွန်ကရစ်လမ်း) | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်---------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁.၅ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၀ မိနစ် ထော်လာဂျီ/*မော်တော်ဆိုင်ကယ်*/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ---

မိုးရာသီတွင်ကြာချိန် ၂၀ မိနစ် ထော်လာဂျီ/*မော်တော်ဆိုင်ကယ်*/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ---

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ *မရှိပါ* ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---

(၂) ---

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ *ရှိပါသည်*

ကျေးရွာခေါင်းဆောင် အမည် ဦး လင်းဝင်း

လက်မှတ် နေ့ ၂၅.၇.၁၈

လူထုစည်းရုံးရေးမှူး အမည် ဒေါ်စုမြတ်မွန်

လက်မှတ် နေ့စွဲ ၂၅.၇.၁၈

## ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်စုမြတ်မွန် | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ဓနုဖြူ | ကျေးရွာအုပ်စု [illegible] | ကျေးရွာ ဖက်တောဘက် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု% |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် | လူမျိုးစုအမည် | | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၅.၇.၂၀၁၈ | ၂၅.၇.၂၀၁၈ | (၃၆) | (၃၆) | (၇၂) | (၇၂) | ဗမာ | ၁၁၃ | ၆၄% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၆.၇.၂၀၁၈ | ၂၆.၇.၂၀၁၈ | (၄၀) | (၄၁) | (၈၁) | (၈၁) | ဗမာ | ၁၁၃ | ၇၂% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ရေးဆွဲခြင်း | | | | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | မလို | မလို | မလို | မလို | မလို | | မလို | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | | | |

HLA
09769717150

# ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| *လမ်းညွှန်ချက်၊* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နုမြတ်မွန် | |
| နေ့စွဲ ၂၆.၇.၁၈ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ / မြို့နယ် ဓနုဖြူ | ကျေးရွာအုပ်စု ကန်ကလေး / ကျေးရွာ ဖက်သဘင် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | လူငယ်များ ပညာဖြိုး အလုပ်အကိုင်ရှားပါး၍ ငွေထွက်ငွေမရှိ | ၁ | ကျောင်းသား ကျောင်းသူများ ညအခါ စာကျက်ရာတွင် အခက်အခဲရှိ၊ ညဘက်သွားလာရာ အခက်အခဲရှိ၊ ဘက်ထရီအားသွင်းရာ အချိန်ကုန် |
| ၂ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ကျန်းမာရေးနှင့် စီးပွားရေး ခက်ခဲ | ၂ | ကျန်းမာရေးအတွက် မြို့တွင်း တက်သွားလာရာတွင် ခက်ခဲ |
| ၃ | K.G ကျောင်းဆောင် ယိုယွင်းမှုကြောင့် နေ့တိုင်း ပညာသင်ကြားရာတွင် ခက်ခဲ | ၃ | ကလေးတွေ စာသင်ကြားရာတွင် အခက်အခဲရှိ ကျယ်ကျယ်ဝန်းဝန်း မရှိ |
| ၄ | စိုက်ပျိုးရေးတွင် နည်းပညာနှင့် ငွေကြေး ခက်ခဲ | ၄ | လယ်ကျဉ်းတဲ့အတွက် ကုန်တင်ကုန်ချ လုပ်ရာတွင် အခက်အခဲရှိ |
| ၅ | ညအခါ သွားလာရေး ခက်ခဲမှု၊ စာဖတ်ရာတွင် ခက်ခဲမှု၊ ချက်ပြုတ်ရာတွင် ခက်ခဲ | ၅ | ရွာတွင်း အလုပ်အကိုင်ရှားပါးသော အခက်အခဲရှိ |
| ၆ | သောက်သုံးရေ မသန့်ရှင်းမှုကြောင့် ကျန်းမာရေး ခက်ခဲ | ၆ | ကလေးများ အသိပညာဗဟုသုတ ဖွံ့ဖြိုးမှု အားနည်းသော အခက်အခဲရှိ |
| ၇ | အသိပညာဗဟုသုတ နည်းပါးမှု အခက်အခဲ | ၇ | အရင်းအနှီး မရှိတဲ့အတွက် စိုက်ပျိုးရေး ခက်ခဲ၊ ကလေးတွေ ကျောင်းသွားဖို့ စရိတ်ထောက်ပံ့ရန် အခက်အခဲရှိ |
| ၈ | | ၈ | စိုက်ပျိုးရေးတွင် နည်းပညာမကျွမ်းတဲ့အတွက် အထွက်နှုန်း လျော့တဲ့ အခက်အခဲရှိ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | အလုပ်အကိုင်အခွင့်လမ်းများ ပြားလာပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာရန် မျှော်မှန်း | ၁ | ကျောင်းသား/ကျောင်းသူများ ညဘက်စာကျက်ရာတွင်အဆင်ပြေစေချင်တယ်။ ညဘက်သွားလာရာတွင်အဆင်ပြေချင်တယ်။ ဟတ်တီးဗီအား သွင်းအသုံးပြုနိုင်ကြသလိုသာချင် |
| ၂ | လမ်းပန်းဆက်သွယ်ရေး ကောင်းလာဖို့ ကျန်းမာရေးနှင့် စီးပွားရေး အဆင်ပြေလာရန် မျှော်မှန်း | ၂ | ကျန်းမာရေးအတွက်ရိုးတွင်းဘက်သွားလာရာတွင် လှူယာကူအဆင်ပြေချင်တယ် |
| ၃ | ပညာသင်ကြားရေးတွင် ကောင်းမွန်လာရန် မျှော်မှန်း | ၃ | ကလေးများ စာသင်ကြားရာတွင် ကျယ်ကျယ်ဝန်းဝန်းဖြင့် စာသင်ကြားနိုင်ချင် |
| ၄ | နည်းပညာနှင့်ငွေကြေး အဆင်ပြေလာလျှင် စိုက်ပျိုးရေးတွင်တိုးတက်လာရန် မျှော်မှန်း | ၄ | လမ်းကျန်ပြီး ကုန်တင်ကုန်ချလုပ်ရန် အဆင်ပြေချင် |
| ၅ | လူနေမှုအဆင့်အတန်းမြင့်မားရန်နှင့်ပညာရေးတွင်တိုးတက်ကောင်းမွန်လာရန် မျှော်မှန်း | ၅ | ရွာတွင်းမှာလုပ်ကိုင်နိုင်တဲ့အလုပ်အကိုင်လေးတွေရှိချင်တယ်. |
| ၆ | သန့်ရှင်းသောသောက်သုံးရေရရှိရန် မျှော်မှန်း | ၆ | ကလေးများ အသိပညာဖွံ့ဖြိုးတိုးတက်လာချင်တယ်. |
| ၇ | အသိပညာ ဗဟုသုတ တိုးပွားလာရန် မျှော်မှန်း | ၇ | အရင်းအနှီးရှိလျှင်စိုက်ပျိုးရေး အဆင်ပြေပြီး ကလေးတွေကျောင်းသွားဖို့အဆင်ပြေချင်တယ်. |
| ၈ | | ၈ | စိုက်ပျိုးရေးတွင် နည်းစနစ်ကျမယ်ဆိုရင် အထွက်နှုန်းကောင်းလာမယ်လို့ မျှော်လင့်တယ်. |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | လျှပ်စစ်မီး | အမျိုးသား+အမျိုးသမီး | ၇၀၀၀,၀၀၀ | (၄၅၂၁) ဦး |
| ၂ | သဲတောကျွန်ကရင်လမ်းခင်း | " | ၁၅,၈၁,၀၀၀,၀၀ | (၄၅၂၁) ဦး |
| ၃ | K.G ကျောင်းပြုပြင် | " | ၁၀၀,၀၀၀,၀၀ | (၄၅၂၁) ဦး |
| ၄ | ရွာလယ်မကြီးကွန်ကရစ်တိုးချဲ့ | အမျိုးသမီး | ၄၁၄,၀၀၀,၀၀ | (၄၅၂၁) ဦး |
| ၅ | ခါကြည့်တိုက် | အမျိုးသား+အမျိုးသမီး | | (၄၅၂၁) ဦး |
| ၆ | စက်ရေတွင်း | အမျိုးသား | | (၄၅၂၁) ဦး |
| ၇ | | | | (၄၅၂၁) ဦး |
| ၈ | | | | (၄၅၂၁) ဦး |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စက်ချုပ်သင်တန်း | အမျိုးသမီး | |
| ၂ | စိုက်ပျိုးရေး သင်တန်း | အမျိုးသား+ အမျိုးသမီး | |
| ၃ | ဝက်မွေး ကြက်မွေးသင်တန်း | အမျိုးသား | |
| ၄ | ကျန်းမာရေး စောင့်ရှောက်မှု | အမျိုးသား | |
| ၅ | အတိုးနှုန်း ချေးငွေလုပ်ငန်း | အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦး [illegible]--- လက်မှတ် ---[signature]--- နေ့စွဲ ---၂၆.၇.၁၈---

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| *လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။* | | |
| ကျေးရွာခေါင်းဆောင် အမည်<br>ဦး [illegible] | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉-[illegible] | လူထုစည်းရုံးရေးမှူး၏အမည်<br>[illegible] |

| မြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ဧရာဝတီ | ဓနုဖြူ | ကနုကလေး | [illegible] |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)---ဗမာ--- | ၈၆ | ဘာသာ(၁)---ဗုဒ္ဓ--- | ၁၀၅ |
| လူမျိုးစု (၂)---ကရင် | ၂၅ | ဘာသာ(၂)---ဗုဒ္ဓ--- | |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| လူမျိုးစုရော------------ | | ဘာသာရော----------- | |
| အခြား | | | |

| | အရေအတွက် |
|---|---|
| မသန်စွမ်းသူများ | ၁ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅၁ |
| ၁စ်ဘေးရှောင် | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | ၂၂၄ | ၂၆၅ | ၄၈၉ |
| လူမျိုးစု (၁)---ဗမာ--- | ၁၆၅ | ၂၀၂ | ၃၆၇ |
| လူမျိုးစု (၂)---ကရင် | ၅၇ | ၆၅ | ၁၂၂ |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၈၀ | ၂၅ | ၁၀၅ |

(ယ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဇဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်---------------------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဇဟိုမှ၎င်းကျေးရွာအုပ်စု၏ဇဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-----၃----------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဇဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----၁၀ မိနစ်----ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ----------------------

မိုးရာသီတွင်ကြာချိန်--------၁၀------မိနစ်--------ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ----------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ----------------------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဇဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------------------------------------

(၂) ----------------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [signature]
လက်မှတ် [signature] နေ့စွဲ ၁၇.၇.၁၉

လူထုစည်းရုံးရေးမှူး အမည် [handwritten name]
လက်မှတ် [signature] နေ့စွဲ ၁၇.၇.၁၉

# ပုံစံ - စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့်ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။* | | | |
| စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - ဒေါ်သီသီဇော် | | | |
| နေ့စွဲ ၁၇.၇.၁၉ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| မြို့နယ်/တိုင်း<br>ဧရာဝတီ | မြို့နယ်<br>မအူပင် | ကျေးရွာအုပ်စု<br>ကန်ကလေး | ကျေးရွာ<br>ဖက်ပေါက်ပင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့် နေ့ | အမျိုးသား အရေ အတွက် | အမျိုးသမီး အရေ အတွက် | အိမ်ထောင် စုအရေ အတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | | အိမ်ထောင် စုပေါင်း | အိမ်ထောင် စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၇.၇.၁၉ | ၁၇.၇.၁၉ | ၂၂ | ၃၇ | ၅၉ | ဗမာ ၅၃ | ကရင် ၆ | ၁၀၇ | |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၈.၇.၁၉ | ၁၈.၇.၁၉ | ၂၇ | ၄၂ | ၆၉ | ဗမာ ၆၀ | ကရင် ၉ | ၁၀၇ | |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက် ချသည့် အစည်းအဝေး | | | | | | | | | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | ၃.၁၀.၁၉ | ၃.၁၀.၁၉ | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့်အကောင် အထည်ဖော်ရေးကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | ၂၀.၁၀.၁၉ | ၂၀.၁၀.၁၉ | ၂၈ | ၂၆ | ၅၄ | ဗမာ | ၅၄ | ၁၀၇ | |

## ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။* | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဘီဘီအေး | | | |
| နေ့စွဲ ၁၈.၇.၁၉ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| မြန်နယ်/တိုင်း<br>ဧရာဝတီ | မြို့နယ်<br>ဓနုဖြူ | ကျေးရွာအုပ်စု<br>ကန်ကလေး | ကျေးရွာ<br>ဖက်ဖေယာဒ် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)**

| **အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ** | |
|---|---|
| ၁။ ညဘက်ဆို ကျောင်းသား၊ ကျောင်းသူများ စာကျက်ရာတွင် အခက်အခဲရှိခြင်းနှင့် သွားလာရာတွင် အဆိပ်ရှိသော သတ္တဝါများ အန္တရာယ် ကြောက်ရသည့်အခက်အခဲ | □ ကျား □မ ☑ ကျား + မ |
| ၂။ လမ်းပန်းဆက်သွယ်ရေး မကောင်းသောကြောင့် ကျန်းမာရေး၊ စီးပွားရေး အခက်အခဲရှိခြင်း | □ ကျား □မ ☑ ကျား + မ |
| ၃။ ကလေးများ စာသင်ကြားရာတွင် ကျောင်းဆောင်မှာ ဟောင်းနွမ်းပြီး ကျဉ်းသည့် အခက်အခဲရှိခြင်း | □ ကျား □မ ☑ ကျား + မ |
| ၄။ လမ်းကျဉ်းသည့်အတွက် ကုန်များ အတင်အချပြုလုပ်ရာတွင် အခက်အခဲရှိခြင်း | □ ကျား ☑မ □ ကျား + မ |
| ၅။ စိုက်ပျိုးရာတွင် နည်းစနစ် မှန်ကန်စွာ မသိသည့်အတွက် အထွက်နှုန်း လျော့သည့် အခက်အခဲ | □ ကျား □မ ☑ ကျား + မ |
| ၆။ ကလေးများ အသိပညာဗဟုသုတ အားနည်းသော အခက်အခဲ | □ ကျား □မ ☑ ကျား + မ |
| ၇။ ရေသောက်သုံး ရေသန့်ရဖို့ မရှိသောကြောင့် ကျန်းမာရေး အခက်အခဲရှိခြင်း | ကျား |
| ၈။ ဘဏ်ခွဲ အနီးမရှိတဲ့အတွက် စိုက်ပျိုးရေးတွင် အခက်အခဲရှိခြင်း ကလေးများ ကျောင်းတက်ရန် စက်ဘီးဝယ်ရန် အခက်အခဲရှိခြင်း | မ |
| ၉။ ရွာတွင်း အလုပ်အကိုင် ရှားပါးသောကြောင့် မြို့သို့ သွားရောက်လုပ်ကိုင်ရသည့် အခက်အခဲ | မ |
| ၁၀။ [illegible]များပြီး အလုပ်အကိုင် ရှားပါး၍ ဝင်ငွေထွက်ငွေ မမျှတသည့် အခက်အခဲ | ကျား |
| ၁၁။ ကျန်းမာရေး အသိပညာဗဟုသုတ အားနည်းသည့် အခက်အခဲ | ကျား |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ၁။ ကျောင်းသား၊ ကျောင်းသူများ တက်ကျက်ရာတွင် အဆင်ပြေ ပြေပြီး ပညာသာရာတွင် သူနာပြု ဝိုးဖွားများ အနာဂတ်ကောင်းပြီး ဖွံ့ဖြိုးသွားသာနိုင် မျှော်မှန်း | ☐ ကျား ☐မ ☑ ကျား+ မ |
| ၂။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာလျှင် ကျန်းမာရေး၊ စီးပွားရေး အဆင်ပြေလာနိုင်ရန် မျှော်မှန်း | ☐ ကျား ☐မ ☑ ကျား+ မ |
| ၃။ ကလေးများ တာယာဉ်ကြား ... ကျယ်ဝန်းဝန်း ရှိလျှင် ပျော်ရွှင်စွာ ... နိုင်မည်ဟု မျှော်မှန်း | ☐ ကျား ☐မ ☑ ကျား+ မ |
| ၄။ လမ်းကျယ်မည်ဆိုလျှင် ကုန်တင် ကုန်ချရာတွင် အဆင်ပြေပြီး၊ ပွားလာရန် အဆင်ပြေ ချင်တယ် | ☐ ကျား ☑မ ☐ ကျား+ မ |
| ၅။ ဝိုက်ပိုင်ရေး ... ရှိလျှင် အဝတ်အထည် ... ကောင်းမွန်မည်ဟု မျှော်လင့်ပါတယ်. | ☐ ကျား ☐မ ☑ ကျား+ မ |
| ၆။ ကလေးများ အသိပညာ ပေးသူတာများ ဖွံ့ဖြိုး တိုးတက်စေချင်တယ်. | ☐ ကျား ☐မ ☑ ကျား+ မ |
| ၇။ သန့်ရှင်းသော ရေ ... ရရှိလျှင် ကျန်းမာရေး ကောင်းမွန်မည်ဟု မျှော်မှန်း | ကျား |
| ၈။ အရင်းအနှီး ရရှိလျှင် စီးပွားရေး၊ လူမှုရေး ပညာရေး အဆင်ပြေ ချင်တယ်. | မ |
| ၉။ ရွာတွင်း အလုပ်အကိုင် ရှိမည်ဆိုလျှင် စီးပွားရေး အဆင်ပြေ မည်ဟု မျှော်မှန်း | မ |
| ၁၀။ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်လာပြီး စီးပွားရေး ဖွံ့ဖြိုး တိုးတက်လာရန် မျှော်မှန်း | ကျား |
| ၁၁။ ကျန်းမာရေး အသိပညာ ပေးသူတာများ ရှိမည်ဆိုလျှင် ကျန်းမာရေး အဆင်ပြေ၊ စီးပွားရေး အဆင်ပြေ | ကျား |
| | |

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| ဦးစားပေး အဆင့် သတ်မှတ်ချက် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ | ခန့်မှန်း ကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | [illegible] | ကျား + မ | မီးလင်းရေး | ၂၉,၅၀၀,၀၀၀ | ၂၂၃ | ၂၆၆ | ၄၈၉ |
| ၂ | ဘုန်းတွင်း ကွန်ကရစ်လမ်းခင်း | မ | လမ်းပန်း ဆက်သွယ်ရေး | ၁၅,၀၀၀,၀၀၀ | ၂၂၃ | ၂၆၆ | ၄၈၉ |
| ၃ | H.G ကျောင်းဆောင် | ကျား + မ | ပညာရေး | ၁၁,၀၀၀,၀၀၀ | ၂၂၃ | ၂၆၆ | ၄၈၉ |
| ၄ | စက်ရေတွင်း + ရေကန် | ကျား | ရေနှင့်သန့် ရှင်းရေး၊ လူမှု | ၁၀,၅၀၀,၀၀၀ | ၂၂၃ | ၂၆၆ | ၄၈၉ |
| ၅ | စာကြည့်တိုက် | ကျား + မ | အခြား | | ၂၂၃ | ၂၆၆ | ၄၈၉ |
| ၆ | [illegible] ကွန်ကရစ်လမ်းခင်း | ကျား + မ | လမ်းပန်းဆက် သွယ်ရေး | | ၂၂၃ | ၂၆၆ | ၄၈၉ |
| | | | | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေးသင်တန်း | ကျား + မ | စိုက်ပျိုးရေး |
| ၂ | အဝိုင်းနည်း ဈေးဆိုင် | မ | အခြား |
| ၃ | ကျန်းမာရေး ဆေးဝါးဖြန့်ဖြူးမှုအတွက် | ကျား | ကျန်းမာရေး |
| ၄ | စက်ချုပ်သင်တန်း | မ | အခြား |
| ၅ | စက်မှုလက်မှုသင်တန်း | ကျား | အခြား |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် [illegible] လက်မှတ် [illegible] နေ့စွဲ [illegible]

အစည်းအဝေး ပြုလုပ်သည့်နေရာ - မက်တောဝ ကျေးရွာ (စမ္ပာကျွဲ)

အစည်းအဝေး ပြုလုပ်သည့်အချိန် - နံ 11:00 နာရီ

အစည်းအဝေး ပြုလုပ်သည့်နေ့ရက် - ၁၇.၇.၂၀၁၉

အစည်းအဝေး ပြုလုပ်သည့် အကြောင်းအရာ - ပထမအကြိမ် အစည်းအဝေး

အစည်းအဝေး တက်ရောက်သူ - ကျား (၂၂) ဦး၊ မ (၃၇) ဦး

စုစုပေါင်း (၅၉) ဦး

ဆုံးဖြတ်ချက်

၁။ လူထုဗဟိုပြုစီမံကိန်း၏ အခြေခံသဘောတရားများအား ကျေးရွာလူထု ကို ရှင်းပြခဲ့သည်

၂။ စီမံကိန်း၏ လုပ်ငန်းလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ရင်းနှီး မှုရှိသည်၊ ကျား မရေးရာနှင့် လူထုပူးပေါင်းပါဝင်မှုတို့ကို ရင်းနှီးမှုရှိ စေရန်

၃။ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်မည့်သူများ၏ တာဝန်ဝတ္တရားများကို သိရှိစေရန်

၄။ ကျေးရွာစေတနာ့ဝန်ထမ်း၏ တာဝန်များအား ရှင်းပြပြီး စေတနာ့ဝန်ထမ်း ရွေးချယ်ခဲ့သည်

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ချက်များအား ရေးဆွဲဖော်ထုတ် ခဲ့သည်

ဆွေးနွေးချက်

[illegible] အုပ်စု မက်တောဝ ကျေးရွာ လူထုဗဟိုပြုစီမံကိန်း (ဒုတိယအဆင့်) ကာလတွင်း၏ ပထမအကြိမ် ကျေးရွာလုံးကျွတ် အစည်းအဝေး ကို နေ့လည် (11:00) နာရီတွင် ကျင်းပခဲ့ပါသည်။ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦး[illegible] မှ လူထုဗဟိုပြုစီမံကိန်း (ဒုတိယအဆင့်) စတင်ရေးဆွဲမှုနှင့် မိတ်ဆက်ပြီး ကျေးရွာသားများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပတ်သက်ပြီး ကျေးရွာသားများ အား စည်းစည်းလုံးလုံး ဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန်၊ ယခုလို အစည်း

အစည်းအဝေး တက်ရောက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ လူဝင်စုသည်၊ ဦးဇော်မိုးမှ လူထုပါဝင်မှု စီမံကိန်း မိတ်ဆက် (၁၅) ချက်အား ရှင်းလင်းခဲ့သည်။ ပထမနေ့ဝက်ပိုင်းတွင် ပြောကြားခဲ့သည့် အကြောင်းအရာများအား ကျေးရွာသူ / သားများနှင့် အပြန်အလှန်ဆွေးနွေးခဲ့သည်။ စီမံကိန်း၏ သဘောတရားများ၊ ရန်ပုံငွေ ဖော်ဆောင်မှုများ၊ ကျား-မရေးရာ အခန်းကဏ္ဍ စသည့် အကြောင်းအရာများအား အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် စီမံကိန်း စက်ဝန်း အဆင့် (၆)ဆင့် အဆင့် (၁၄) ဆင့်ကို ရှင်းလင်းခဲ့သည်။ ထို့နောက် တာဝန်ရှိသူများ၏ တာဝန်ဝတ္တရား အရေးပါပုံ၊ ကော်မတီများ၏ အရေးပါပုံများကို ဆွေးနွေးပြောကြားခဲ့ပါသည်။ ဆက်လက်၍ ကျေးရွာ စေတနာ့ဝန်ထမ်း၏ တာဝန်ဝတ္တရားများကို ရှင်းပြပြီး စေတနာ့ဝန်ထမ်း ရွေးချယ်ခဲ့ပါသည်။ အစည်းအဝေး တက်ရောက်သူများမှ ကျေးရွာ စေတနာ့ဝန်ထမ်းအား ဒေါ်ဆုမြ၊ ဒေါ်ခင်မြင့် ရွေးချယ်ခဲ့ပါသည်။ အဆိုပါ ရွေးချယ်မှုအား အစည်းအဝေး တက်ရောက်သူများက အားလုံး သဘောတူကြောင်း ထောက်ခံခဲ့ပါသည်။ စေတနာ့ဝန်ထမ်း ရွေးချယ်ကာလတွင် ပထမနေ့ဝက်ပိုင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော စေတနာ့ဝန်ထမ်း (ကား-၁၂မှ-၁၃) (၂၁) ဦးမှ ဆက်လက်လုပ်ကိုင် မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ ဆက်လက်၍ ကျေးရွာ ဖွံ့ဖြိုးမှု အစီအစဉ်များ ရေးဆွဲနိုင်ရန် လူမှုဆိုင်ရာ အချက်အလက် PRA Tools များအား ဖြန့်ဝေဆွေးနွေးခဲ့ပါသည်။ ဒေသ၏ အရင်းအမြစ် ပြမြေပုံ၊ ပြဿနာ နှင့် ရွေးချယ်မှုပြဇယား၊ လိုအပ်ချက် နှင့် အရင်းအမြစ် သုံးသပ်ချက်၊ ပင့်ကူအိမ် သုံးသပ်ချက်၊ အဖွဲ့အစည်း ဆက်စပ်ပြဇယား၊ ရာသီအလိုက် ပြက္ခဒိန်တို့ ရေးဆွဲထားမှုနှင့် ပတ်သက်ပြီး ကျေးရွာသူ/သား များနှင့် တိုင်ပင်ဆွေးနွေးခဲ့သည်။ ဆက်လက်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ပါသည်။ ပထမနှစ်တွင် + ဆောင်ရွက်ဆဲဖြစ်သော လုပ်ငန်းများနှင့် ဒုတိယနှစ်တွင် ဆောင်ရွက်ရန် ဆိုထားသော လုပ်ငန်းများအား ဆွေးနွေးခဲ့သည်။

ဆုံးဖြတ်ချက်

၁။ ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်အတည်ပြုရန်

၂။ ဦးစားပေးလုပ်ငန်းများအား ရွေးချယ်ရန်

၃။ လူမှုဆိုင်ရာ အချက်များ ဖြန့်ဝေဆွေးနွေးသွားရန်

အထက်ပါ ဆွေးနွေးချက်များအား တက်ရောက်လာသော ကျေးရွာသူ/သားများ အားလုံး သဘောတူဆုံးဖြတ်ပြီး အစည်းအဝေးကို ညနေ (၃:၀၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

အတည်ပြုသူ
(signature)
ဒေါ်ကြူကြူမော်
ဒုဥက္ကဋ္ဌ

မှတ်တမ်းတင်သူ
(signature)
ဒေါ်ယဉ်ယဉ်မွေ၊ လူထုစည်းရုံးရေး

အစည်းအဝေး ပြုလုပ်သည့် နေ့ရက် - 18.7.19

အစည်းအဝေး ပြုလုပ်သည့် နေရာ - မက်ဆောင်(ရွာလုံ)

အစည်းအဝေး ပြုလုပ်သည့် အချိန် - ၁၁:၃၀ နာရီ

အစည်းအဝေး ပြုလုပ်သည့် အကြောင်းအရာ - ဒုတိယအကြိမ်မြောက် အစည်းအဝေး

အစည်းအဝေး တက်ရောက်သူ ဦးရေ - ကျား - ၃၇ ဦး၊ မ - ၄၃ ဦး

စုစုပေါင်း ၈၀ ဦး

ရည်ရွယ်ချက်

လူထုဗဟိုပြု စီမံကိန်း ဒုတိယနှစ်စက်ဝန်း၏ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအား ပြန်လည်သုံးသပ်ခြင်း

ဆွေးနွေးချက်

(၁) ဦးစားပေးအဆင့် သတ်မှတ်ချက်

(၂) ဦးစားပေးလုပ်ငန်းများ သတ်မှတ်ခြင်း

(၃) ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့အား ရွေးချယ်ခြင်း

(၄) အကာအကွယ်

(၅) အကျုံးဝင် / မဝင် ကွင်းဆုံးခြင်း

ကနဦးအနေဖြင့် ဦးပုံ မက်ဆောင်ကျေးရွာတွင် လူထုဗဟိုပြု စီမံကိန်း ဒုတိယနှစ်စက်ဝန်းကို နေ့လည် (၁၁:၃၀) နာရီတွင် စတင်ကျင်းပခဲ့ပါသည်။ ပထမဦးစွာ လူထုစည်းရုံးရေးမှူး မှ စီမံကိန်း မိတ်ဆက်ပေးခဲ့ပါသည်။ ပထမနှစ် စက်ဝန်းအကြောင်းကို ပြန်လည်ဆွေးနွေး ပြောဆိုခဲ့ပါသည်။ ဆက်လက်၍ ဦးစားပေးသတ်မှတ်ချက်များအား လက်တွေ့ကျသည့် ပညာရှင်မှ ရှင်းလင်း ပြောကြားခဲ့ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေး ရွေးချယ်ရာတွင် (၁) အဝင်လမ်းမ (၂) ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း (၃) KG ကျောင်းဆောင် (၄) စက်ရေတွင်း+ရေကန် (၅) တာကြည့်ဝိုက် (၆) ယာမတာ ကွန်ကရစ်လမ်းခင်းခြင်း (၇) ပိုက်လိုင်းရေသွယ်တန်း (၈) အဝိုင်းနည်းချုံးခွ (၉) ကျန်းမာရေးစောင့်ရှောက်မှုသင်တန်း (၁၀) စက်ချုပ်သင်တန်း (၁၁) စက်မှုလက်မှုသင်တန်း စသည်တို့အား အဆင့်လိုက် ရွေးချယ်ခဲ့ပါသည်။ ထို့ထို့

ရွေးချယ်ရာတွင် မဲဆန္ဒဖြင့် ရွေးချယ်မည်ဖြစ်ကြောင်း ပြောကြားရာ
တွင် အစည်းအဝေးတက်ရောက်လာသူအားလုံးမှ သဘောတူ၍ ရွေးချယ်
မည် ပြောဟောကြောင်း ကျေးရွာသူ/သားများ၏ ဆန္ဒဖြင့် ဦးအေးဝေ၊ ညွှန့်
ဇော် များအား သဘောတူ၍ ရွေးချယ်ခဲ့ပါသည်။ ဆက်လက်၍ အကျိုးဝင်၊ မဝင်
အကြောင်း ရှင်းပြပြီး လူမှုရေးဆိုင်ရာ အကာအကွယ်နှင့် သဘာဝပတ်ဝန်း
ကျင်ဆိုင်ရာ အကာအကွယ် အကြောင်းကို ရှင်းပြပါသည်။ ပဋိပက္ခ ဖြေရှင်း
အကြောင်း ဆိုသည် ရှင်းပြပါသည်။ ကျေးရွာစီမံကိန်း၏ အကြောင်းအား
လူထုစည်းရုံးရေးမှူးမှ ရှင်းပြပါသည်။ ဆက်လက်၍ ကျေးရွာကော်မတီ
ဝင် များ ရွေးချယ်ရာတွင် မဲပေး ရွေးချယ်မည်ဖြစ်ကြောင်း ပြောဆိုရာ
တွင် အစည်းအဝေးတက်ရောက်သူများမှ သဘောတူ၍ ရွေးချယ်မည်ဖြစ်
ကြောင်း ပြောဟောကြောင်း ရွာသူ/သားများ၏ ဆန္ဒဖြင့် သဘောတူ၍ ရွေးချယ်
ခဲ့ပါသည်။ ထို့နောက် ကျေးရွာစီမံကိန်းအဖွဲ့ကို အမျိုးသား (၅)ဦး
အမျိုးသမီး (၅)ဦး စုစုပေါင်း ကော်မတီဝင် (၁၀)ဦးအား ရွေးချယ်
ခဲ့ပါသည်။ ထိုကော်မတီဝင် (၁၀)ဦးအား တက်ရောက်လာသော ကျေး
ရွာသူ/သား အားလုံးမှ ထောက်ခံ၍ သဘောတူ၍ ရွေးချယ်ခဲ့ပါသည်။

ဆုံးဖြတ်ချက်

(၁) ကျေးရွာစီမံကိန်းအဖွဲ့အား ရွေးချယ်၍
(၂) ဦးအေးဝေ၊ ညွှန့်ဇော် များအား အဆင့်လိုက် ရွေးချယ်၍ ထိုဖြစ်ပါ
သည်။ အထက်ပါ ရွေးချယ်ချက်များအား ကျေးရွာ လူထု အားလုံးမှ
သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။ ထို့နောက် အစည်းအဝေးကို ညနေ (၄:၀၀)
တွင် ရုပ်သိမ်းခဲ့ပါသည်။

အတည်ပြုသူ
[signature]
ဦး...တင်
[illegible]

မှတ်တမ်းတင်သူ
[signature]
ဒေါ်[illegible]
(လူထုစည်းရုံးရေးမှူး)

ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းချုပ်ဇယား

| ကဏ္ဍ | ဦးစားပေး အဆင့် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ(အမှန်ခြစ်ရန်) | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့အစည်း (သို့)ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| အခြေခံအဆောက်အအုံကဏ္ဍ (လမ်း/တံတား/ရေပေးရေး/လျှပ်စစ်/ ဆောက်လုပ်ရေး) | ၁ | [illegible] မီး | | | ✓ | ၂၀၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | ၂ | ကျေးရွာ ကွန်ကရစ်လမ်း ခင်းခြင်း | | ✓ | | ၂၀၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | ၃ | သောက်ရေတွင်း + ရေကန် | ✓ | | | ၂၀၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | ၄ | သုသာန် ကွန်ကရစ်လမ်း ခင်းခြင်း | | | ✓ | ၂၀၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | ၅ | | | | | | | |
| လူမှုရေးကဏ္ဍ (ပညာရေး/ ကျန်းမာရေး နှင့် အခြားလူမှုရေးဆိုင်ရာ လုပ်ငန်းများ) | ၁ | KG ကျောင်း ဆောက် | | | ✓ | ၂၀၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | ၂ | စာကြည့်တိုက် | | | ✓ | ၂၀၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | ၃ | ကျန်းမာရေး စောင့်ရှောက်မှု သင်တန်း | ✓ | | | ၂၀၁၉ | သက်ဆိုင်ရာဌာန | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| ဘဝလုပ်ငန်းဆိုင်ရာကဏ္ဍ (စိုက်ပျိုးရေး/ မွေးမြူရေး နှင့် အခြား လုပ်ငန်းများ) | ၁ | စိုက်ပျိုးရေး သင်တန်း | | | ✓ | ၂၀၁၉ | သက်ဆိုင်ရာဌာန | |
| | ၂ | စက်ချုပ်သင်တန်း | | | ✓ | ၂၀၁၉ | သက်ဆိုင်ရာဌာန | |
| | ၃ | စက်မှုလက်မှု သင်တန်း | ✓ | | | ၂၀၁၉ | သက်ဆိုင်ရာဌာန | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အခြားကဏ္ဍ (ဒုက္ခသည်များ နှင့် အခြား လုပ်ငန်းများ) | ၁ | [illegible] ချေးငွေ | | ✓ | | ၂၀၁၉ | သက်ဆိုင်ရာဌာန | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |